# ၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့အက်ဥပဒေကို ဒုတိယအကြိမ်ပြင်သည့်ဥပဒေ။

[၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၁၆။]

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အက်ဥပဒေကို ဒုတိယအကြိမ်ပြင်သည့်ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။၁၉၅၃ ခုနှစ်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အက်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (၂) တွင် ''သို့တည်းမဟုတ် မိမိအသက်ခြောက်ဆယ့်ငါးနှစ်ပြည့်သည်အထိ၊ ထိုရာထူးသက်တမ်းနှစ်ရပ်အနက်၊ အလျင်ပြည့်ရာ သက်တမ်းအထိသာ'' ဆိုသည့် စကားရပ်ကိုပယ်ဖျက်ရမည်။